## ထီစာအုပ်များ ဝယ်ယူရန်လျှောက်ထားခြင်း

၁။ ပြည်တွင်းအခွန်များဦးစီးဌာန၊ အောင်ဘာလေသိန်းဆုဌာနခွဲမှ ရောင်းချဖြန့်ဖြူးလျှက်ရှိသော ကျပ် ၅၀၀ တန် အောင်ဘာလေသိန်းထီလက်မှတ်များကို ဝယ်ယူလိုပါက ရန်ကုန်တိုင်းဒေသကြီးအတွင်းတွင် နေထိုင်သူများဖြစ်ပါက အောင်ဘာလေသိန်းဆုဌာနခွဲ၊ ရန်ကုန်မြို့သို့ လျှောက်ထားရမည်ဖြစ်ပြီး မန္တလေးတိုင်းဒေသကြီးတွင် အောင်ဘာလေသိန်းဆုဌာနခွဲ (မန္တလေးရုံးခွဲ)သို့ လိပ်မူ၍လျှောက်ထားနိုင်ပါသည်။ ကျန် တိုင်းဒေသကြီးနှင့် ပြည်နယ်များတွင် သက်ဆိုင်ရာမြို့နယ်အခွန်ဦးစီးဌာနမှူးရုံးများမှ တဆင့်လျှောက်ထားဝယ်ယူ နိုင်ပါသည်။ (၁၁)ရွက်ပါ ထီစာအုပ်တစ်အုပ်လျှင် ကျပ် ၅၀၀၀ ဖြင့် ရောင်းချပေးပါသည်။

## ၂။ ထီလက်မှတ်စာအုပ်များ ဝယ်ယူရာတွင် တင်ပြရမည့်အချက်များ

(က) ထီစာအုပ် ဝယ်ယူခွင့်လျှောက်လွှာ (သီးခြားသတ်မှတ်ထားသောပုံစံမရှိပါ။)

(ခ) လျှောက်ထားသူ၏ မှတ်ပုံတင် မိတ္တူ

(ဂ) အိမ်ထောင်စုစာရင်း မိတ္တူ

## ထီစာအုပ်ဝယ်ယူရာတွင် အာမခံ (Deposit)ပေးသွင်းခြင်းနှင့် သဘောတူစာချုပ်ချုပ်ဆို ရာတွင် လိုက်နာရမည့် အချက်များ

၃။ ပြည်တွင်းအခွန်များဦးစီးဌာန၊ အောင်ဘာလေသိန်းဆုဌာနခွဲအနေဖြင့် ကျပ် ၅၀၀ တန် ထီစာအုပ်ဝယ်ယူခွင့်ရရှိသူများအား ထီစာအုပ်တစ်အုပ်လျှင် ကျပ် ၁၀၀ နှုန်းဖြင့် (၃)လစာ အတွက် အာမခံငွေ(Deposit)များ ပေသွင်းစေခဲ့ပြီး လိုက်နာဆောင်ရွက်ရမည့် အချက်များအား သဘောတူစာချုပ်ချုပ်ဆိုခဲ့ပါသည်။ သဘောတူစာချုပ်တွင် ပါဝင်သောအချက်များမှာ-

(က) ရောင်းချသူ၏ တာဝန်နှင့်အခွင့်အရေး

(ကက) လစဉ်ဝယ်ယူခွင့်ရရှိသော အောင်ဘာလေထီစာအုပ် အရေအတွက်အတိုင်း ဝယ်ယူသူသို့ လစဉ်(၇)ရက်နေ့အတွင်း ပေးအပ်ရန် တာဝန်ယူပါမည်။

(ခခ) ထီဝယ်ယူသူမှ ထီစာအုပ်ဖိုးကျသင့်ငွေများကို ဘဏ်သို့ပေးသွင်းပြီးကြောင်း ငွေသွင်းချလန် (သို့မဟုတ်) ဘဏ်ငွေလွှဲလက်မှတ် တင်ပြမှသာ ထီစာအုပ်အသစ်များကို ထုတ်ပေးရမည်။

(ဂဂ) ထီစာအုပ်ဝယ်ယူခွင့်ရရှိသည့် ဝယ်ယူသူတစ်ဦးအား ဝယ်ယူခွင့်ရရှိသည့် ထီစာအုပ် အရေအတွက်အတိုင်း (သို့မဟုတ်) ထုတ်ဝေသည့်ထီစာအုပ် အချိုးကျကို ရောင်းချပေးရမည်။

(ဃဃ) ထုတ်ဝေရောင်းချသည့် အကွာရာလုံးရေအရ ဦးစွာဝယ်ယူခွင့်ရရှိသည့် ထီစာအုပ် အရေအတွက်ထက် လျော့နည်းသွားသည့် ထီစာအုပ် အပေါ်တွင် အာမခံငွေ (Deposit)ကို ပြန်လည်ထုတ်ပေးခြင်းမပြုရ။ အကယ်၍ ထီစာအုပ်တိုးမြှင့်ရရှိပါက တိုးမြှင့်ရရှိသည့် ထီစာအုပ် အရေအတွက်အပေါ်တွင် အာမခံငွေ (Deposit)ထပ်မံ ပေးသွင်းစေရမည်။

(ငင) ဝယ်ယူသူအနေဖြင့် (Deposit)ချုပ်ဆိုထားသော ထီစာအုပ် အရေအတွက်အတိုင်း အကြောင်းအမျိုးမျိုးကြောင့် ဝယ်ယူရန် ပျက်ကွက်ပါက ပျက်ကွက်သောထီစာအုပ်၏ (Deposit)ငွေကို နိုင်ငံတော်ပိုင်ဘဏ္ဍာအဖြစ် သိမ်းယူခြင်းခံရမည်။

(စစ) ဝယ်ယူသူသည် အောင်ဘာလေသိန်းထီလုပ်ငန်းနှင့် စပ်လျဉ်းပြီး တည်ဆဲဥပဒေ၊နည်းဥပဒေတစ်ရပ်ရပ်ကိုလည်းကောင်း၊ အောင်ဘာလေသိန်းဆုဌာနခွဲမှ ဥပဒေ၊ နည်းဥပဒေနှင့်အညီ ထုတ်ပြန်သော အမိန့်/ ညွှန်ကြားချက် တစ်စုံတစ်ရာကိုလည်းကောင်း၊ ဖောက်ဖျက်ခြင်း (သို့မဟုတ်) လိုက်နာရန်ပျက်ကွက်ခြင်း၊ တစ်စုံတစ်ရာပေါ်ပေါက်လာပါက ဝယ်ယူခွင့်ကို ရပ်စဲပိုင်ခွင့်ရှိသည်။

(ခ) **ဝယ်ယူသူ၏ တာဝန်နှင့်အခွင့်အရေး**

(ကက) အောင်ဘာလေသိန်းဆုဌာနခွဲမှ လစဉ်ရောင်းချမည့် ထီစာအုပ်များကို တစ်လလျှင် (-------)အုပ် နှုန်းဖြင့် သက်ဆိုင်ရာဘဏ္ဍာနှစ်အတွင်း စုစုပေါင်းအုပ်ရေ (-------) အုပ်ကို လစဉ် မပျက်မကွက် ဝယ်ယူမည်ဖြစ်ပါသည်။

(ခခ) အောင်ဘာလေသိန်းဆုဌာနခွဲမှ သတ်မှတ်ထားသည့် အာမခံကြေး (Deposit) ဖြစ်သည့် ထီစာအုပ်တစ်အုပ်လျှင် (၁၀၀)ကျပ်နှုန်းဖြင့် (၃)လစာအတွက် ဝယ်ယူခွင့်ရရှိသည့် ထီစာအုပ်အရေအတွက်၏ ကျသင့်တန်ဖိုးအား မြန်မာ့စီးပွားရေးဘဏ်တွင် ပေးသွင်းပြီးဖြစ်ကြောင်း တင်ပြရမည်ဖြစ်ပြီး ထိုသို့တင်ပြနိုင်မှသာလျှင် ဝယ်ယူခွင့်ရရှိမည့် ထီစာအုပ်ရေကို ထုတ်ယူခွင့်ရရှိမည်။

(ဂဂ) ဝယ်ယူခွင့်ရရှိသည့်အရေအတွက်အတိုင်း ထီစာအုပ်များကို လစဉ် မပျက်မကွက် ဝယ်ယူရမည်ဖြစ်ပြီး ဝယ်ယူရန်တစ်ကြိမ်ပျက်ကွက်လျှင်ပင် ပေးသွင်းပြီးဖြစ်သည့် အာမခံကြေး (Deposit)အားလုံးကို နိုင်ငံတော်ဘဏ္ဍာအဖြစ် သိမ်းယူခြင်းကို မလွှဲမသွေခံရမည်။

(ဃဃ) ဝယ်ယူသူအနေဖြင့် (Deposit)ချုပ်ဆိုထားသော ထီစာအုပ်အရေအတွက်အတိုင်း အကြောင်းအမျိုးမျိုးကြောင့် ဝယ်ယူရန်ပျက်ကွက်ပါက ပျက်ကွက်သော ထီစာအုပ်၏ (Deposit)ငွေကို နိုင်ငံတော်ပိုင်ဘဏ္ဍာအဖြစ် သိမ်းယူခြင်းခံရမည်ဖြစ်ပြီး ကျန် (Deposit) ငွေကိုသာ ပြန်လည်ခံစားခွင့်ရှိမည်။

(ငင) ထီလက်မှတ်များကို ပြန်လည်ရောင်းချရာတွင် ထီလက်မှတ်ပေါ်၌ ရိုက်နှိပ်ထားသော တန်ဖိုးအတိုင်း ရောင်းချပါမည်ဟု ဝန်ခံကတိပြုပါသည်။

(စစ) သက်ဆိုင်ရာဘဏ္ဍာရေးနှစ်အတွက် ထီစာအုပ်များကို ဝယ်ယူရောင်းချခြင်းမှ မြတ်စွန်းငွေ ပေါ်ပေါက်ပါက ဝင်ငွေခွန်ဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်အညီ ဝင်ငွေခွန်ကြိုတင်ပေးသွင်းခြင်း၊ ကျသင့် ဝင်ငွေခွန်များပေးဆောင်ခြင်းတို့ကို တည်ဆဲဥပဒေများနှင့်အညီ လိုက်နာဆောင်ရွက်ရမည်။

(ဆဆ) မိမိဝယ်ယူလျှက်ရှိသည့် အုပ်ရေပမာဏအားလုံးဖြစ်စေ၊ တစိတ်တဒေသကိုဖြစ်စေ ဆက်လက်ဝယ်ယူလိုခြင်း ဆန္ဒမရှိတော့ပါက ရောင်းချသူသို့ (၃)လကြိုတင်၍ ရပ်စဲခွင့်ပြုပါရန် အကြောင်းကြားရမည်ဖြစ်ပြီး ရပ်စဲခွင့်ရရှိသည့်အခါ မူလပေးသွင်းထားသော အာမခံကြေး(Deposit)ကို အပြည့်အဝ ပြန်လည်ထုတ်ယူခွင့်ရှိသည်။

## ၄။ ထီဆုငွေထုတ်ယူရာတွင် တင်ပြရမည့်အချက်များ

ထီဆုငွေများကို အောင်ဘာလေသိန်းဆုဌာနခွဲ (ရန်ကုန်ရုံးချုပ်)နှင့် အောင်ဘာလေသိန်းဆုဌာနခွဲ (မန္တလေးရုံးခွဲ)တို့တွင် ရုံးဖွင့်ရက်များတွင် ရုံးချိန်အတွင်း လာရောက်ထုတ်ယူနိုင်ပါသည်။ ကျပ် (၁၀)သိန်းနှင့်အောက် ထီဆုငွေများကို (ရန်ကုန်တိုင်းဒေသကြီးအခွန်ဦးစီးဌာနမှူးရုံးများနှင့် မန္တလေးတိုင်းဒေသကြီးအခွန်ဦးစီးဌာနမှူးရုံးများမှအပ) ကျန်သက်ဆိုင်မြို့နယ်အခွန်ဦးစီးဌာနမှူးရုံးများမှ တစ်ဆင့်လည်းထုတ်ယူနိုင်ပါသည်။ ထီဆုငွေထုတ်ယူရာတွင် အောက်ပါတို့ကို တင်ပြရမည်-

(က) ဆုရထီလက်မှတ်မူရင်း

(ခ) လိုင်စင်ဓါတ်ပုံ (၂)ပုံ

(ဂ) အိမ်ထောင်စုစာရင်း မူရင်း၊ မိတ္တူ

(ဃ) နိုင်ငံသားစိစစ်ရေးကဒ် မူရင်း၊ မိတ္တူ

## ၅။ ဘဏ္ဍာသိမ်းယူခြင်း

အောင်ဘာလေသိန်းဆုပေါက်စဉ် ကြေညာသည့်ရက်မှ တစ်နှစ်အတွင်း တောင်းခံခြင်းမပြုသော ဆုငွေများကို အခွန်ဘဏ္ဍာအဖြစ် သိမ်းယူမည်ဖြစ်ပါသည်။ ဘဏ္ဍာသိမ်းပေါက်စဉ်များကို ဘဏ္ဍာသိမ်းယူခြင်းမပြုမီ (၁)လအလိုတွင် လစဉ်လဆန်း(၁)ရက်နေ့ထုတ် နိုင်ငံပိုင်မြန်မာ့အလင်းသတင်းစာတွင် ထည့်သွင်း ကြေညာခြင်း၊ ပြည်နယ်နှင့် တိုင်းဒေသကြီး အစိုးရအဖွဲ့ရုံးများ၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှူးရုံးများ၊ မြို့နယ်စည်ပင်သာယာရေး ကော်မတီရုံးများနှင့် မြို့နယ်အခွန်ဦးစီးဌာနမှူးရုံးများ၏ ကြော်ငြာသင်ပုန်းများတွင် ကြော်ငြာခြင်း၊ ဘဏ္ဍာသိမ်းပေါက်စဉ်အား ယခုထုတ်လွှင့်ထားသည့် Websiteတွင်လည်း လစဉ်အချိန်နှင့် တပြေးညီ ထုတ်လွှင့်ကြေညာပေးလျှက်ရှိပါသည်။

## ၆။ ထီဖွင့်ပွဲများကျင်းပခြင်း

အောင်ဘာလေသိန်းဆုဖွင့်ပွဲကို လစဉ်လဆန်း(၁)ရက်နေ့တိုင်း နံနက် (၀၈ း ၀၀) နာရီမှစတင်၍ အောင်ဘာလေသိန်းဆုဌာနခွဲ၊ အပေါ်ဆုံးထပ်ရှိ ထီဖွင့်ပွဲခန်းမတွင် တစ်ရက်တည်းအပြီးကျင်းပပါသည်။ ယခုရောင်းချလျှက်ရှိသော ကျပ် ၅၀၀ တန်ထီ၏ အမြင့်ဆုံးထီဆုငွေမှာ ကျပ်သိန်း (၁၀၀၀၀)ဖြစ်ပြီး အနိမ့်ဆုံးထီဆုငွေမှာ ကျပ် (၅၀၀၀၀) ဖြစ်ပါသည်။ ထီပေါက်စဉ်များကို လစဉ်လဆန်း (၂)ရက်နေ့ထုတ် မြန်မာ့အလင်းနှင့် ကြေးမုံသတင်းစာများတွင် ကြေညာပေးလျှက်ရှိပြီး ယခုထုတ်လွှင့်ထားသော Website တွင်လည်း အချိန်နှင့်တပြေးညီ ထုတ်လွှင့်ကြေညာပေးလျှက်ရှိပါသည်။

## ၇။ ထီလက်မှတ်နောက်ကျောပါ စည်းကမ်းချက်များ

ထီလက်မှတ်ကိုင်ဆောင်သူသည် အောက်ပါစည်းကမ်းချက်များကို သဘောတူပြီး ဖြစ်သည်ဟု မှတ်ယူရမည်။

(က) ဆုရလက်မှတ်တင်ပြနိုင်မှသာလျှင် ဆုငွေထုတ်ယူခွင့်ရှိပါသည်။

(ခ) တင်ပြတောင်းခံသော ဆုရလက်မှတ်၏ အက္ခရာနှင့်ဂဏန်းတို့ တစ်ဆက်တစ်စပ်တည်းမရှိ၊ ပိုင်းပြတ်စုတ်ပြဲနေသော ဆုရလက်မှတ်များကို ဆုငွေထုတ်ပေးမည်မဟုတ်ပါ။ အက္ခရာနှင့်ဂဏန်းများတွင် ပြင်ရာ၊ ဖျက်ရာ (သို့မဟုတ်) မူလအနေအထား၊ ချွတ်ယွင်းပျက်စီးမှု တွေ့ရှိလျှင် ဖြစ်စေ ထီဆုငွေထုတ်ပေးခြင်းကို အောင်ဘာလေသိန်းဆုဌာနခွဲမှ ငြင်းပယ်ခွင့်ရှိသည်။

(ဂ) ထီလက်မှတ်ဝယ်ယူကြောင်း၊ ပိုင်ဆိုင်ကြောင်း၊ ပျောက်ဆုံးကြောင်းတို့နှင့် စပ်လျဉ်းသောအချက်များ၊ အငြင်းပွားခြင်းများ၊ ကန့်ကွက်ခြင်းများ စသည်တို့ကို

အောင်ဘာလေသိန်းဆု၌ာနခွဲမှ လက်ခံစဉ်းစားပေးမည်မဟုတ်ဘဲ ထီလက်မှတ် မတင်ပြနိုင်ပါက ဆုငွေထုတ်ပေးမည်မဟုတ်ပါ။ ဆုရလက်မှတ်တင်ပြသူကို သာလျှင် ဆုငွေရထိုက်သည်ဟု အောင်ဘာလေသိန်းဆု၌ာနခွဲမှ အသိအမှတ် ပြုမည်ဖြစ်ပါသည်။

(ဃ) ဆုငွေများကို ရန်ကုန်မြို့ရှိ အောင်ဘာလေသိန်းဆု၌ာနခွဲရုံးနှင့် မန္တလေးမြို့ရှိ အောင်ဘာလေသိန်းဆု၌ာနခွဲ (ရုံးခွဲ)တွင်သော်လည်းကောင်း၊ သက်ဆိုင်ရာ မြို့နယ်ဘဏ်များမှ တစ်ဆင့်သော်လည်းကောင်း ထုတ်ယူနိုင်ပါသည်။ ကျပ် (၁၀၀၀၀၀၀ိ/-)နှင့်အောက် ထီဆုငွေများကို ရန်ကုန်တိုင်းဒေသကြီးပြင်ပရှိ ပြည်တွင်းအခွန်များဦးစီး၌ာန၊ မြို့နယ်အခွန်ဦးစီး၌ာနမှူး ရုံးများတွင်လည်း ထုတ်ယူနိုင်ပါသည်။

(င) အောင်ဘာလေသိန်းဆုပေါက်စဉ် ကြေညာသည့်ရက်မှ တစ်နှစ်အတွင်း တောင်းခံခြင်းမပြုသော ဆုငွေများကို အခွန်ဘဏ္ဍာအဖြစ်သိမ်းယူမည် ဖြစ်ပါ သည်။

(စ) ဆုရလက်မှတ်တင်ပြသူ (သို့မဟုတ်) ပိုင်ဆိုင်သူသည် နိုင်ငံတော်သစ္စာ ဖောက်ဖျက် ပုန်ကန်ခြင်းနှင့်စပ်လျဉ်း၍ ပြစ်မှုဆိုင်ရာဥပဒေပါ ပြစ်မှုတစ်ခုခုကို ကျူးလွန်သည်ဟု အောင်ဘာလေသိန်းဆု၌ာနခွဲ ညွှန်ကြားရေးမှူးက ယုံကြည်ရန် အကြောင်းရှိလျှင် ဆုငွေထုတ်ပေးခြင်းကို ရပ်ဆိုင်းထားပိုင်ခွင့်ရှိသည်။

၈။ **အောင်ဘာလေသိန်းဆု၌ာနခွဲရုံးတည်နေရာ**

(က) အောင်ဘာလေသိန်းဆု၌ာနခွဲ၊ အမှတ် ၃၈၄၊ မဟာဗန္ဓုလလမ်း၊ ၃၇လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း - ၀၁ ၂၄၉၂၇၂

(ခ) အောင်ဘာလေသိန်းဆု၌ာနခွဲ (မန္တလေးရုံးခွဲ)၊ ၆၅လမ်း၊ ၂၂ လမ်း နှင့် ၂၃လမ်း ကြား၊ အောင်မြေသာစံမြို့နယ်၊ မန္တလေးတိုင်းဒေသကြီး၊

ဖုန်း- ၀၂- ၄၀၃၅၉၁၃